## (၄) ဘက်တီးရီးယားအနက်ပုပ်ရောဂါ (Black rot)

**ရောဂါဖြစ်စေသောသက်ရှိ-** *Xanthomonas campestris* pv. *campestris* (Pammel 1895) Dowson 1939

## ရောဂါလက္ခဏာ

အောက်ရွက်၊ အရွက်ရင့်၏ အနားစွန်းတွင်ဗွီ(V)ပုံသဏ္ဍာန် အဝါရောင်အကွက်စတင် ဖြစ်ပေါ်ပြီး နောက်ပိုင်းတွင် အညိုရောင်ပြောင်းကာအရွက်သည် ခြောက်ပြီးတွန့် သွား သည်။ ပင်စည်၊ ရွက်ရိုးတံများအားဖြတ်ကြည့်ပါက အစာကြောရေကြောများ အညို /အမဲရောင် ပြောင်းသွား သည်။





## ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါကင်းသော (သို့) ခံနိုင်ရည်ရှိသော မျိုးကို ရွေးချယ်စိုက်ပျိုးပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များ၊ အခြားလက်ခံလွှဲပင်များဖြစ်သော ပေါင်းမြက်များအား ရှင်းလင်းမီးရှို့ဖျက်ဆီးပါ။
- မုန်ညင်းမုန်လာမဟုတ်သော အခြားသီးနှံများနှင့် သီးလှည့်စိုက်ပျိုးပါ။
- ရေသွင်းရေထုတ်ကောင်းမွန်စေရန်ဆောင်ရွက်ပါ။
- အပူချိန် (၅၀) စင်တီဂရိတ်ရှိသော ရေနွေးထဲတွင် မျိုးစေ့များအား (၂၅-၃၀) မိနစ်စိမ်ပေးပြီးလေထဲတွင် အခြောက်ခံပြီးမှ စိုက်ပျိုးပါ။

- Copper (ကော့ပါး) ပါသောဆေး၊ Kasugamycin (ကာစူဂါမိုင်စင်)၊ Bismerthiazol (ဗစ်မာသီယာဇိုးလ်) စသောဆေးများဖြင့်ကာကွယ်နှိမ်နင်းပါ။